# Information Sheet



VOLUME XI, ISSUE 30 30 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်တစ်ဝိုက် ထိတွေ့တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်ဝင်ရောက် | ၁ |
| ၂ | တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း | ၂ |
| ၃ | အိန္ဒိယနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး (၆ ဒသမ ၇ သန်း) ဒုတိယအသုတ်ရောက်ရှိ | ၃ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄ |
| ၅ | တစ်နှစ်လျှင် ပိုးအိမ်တန်ချိန် ၃၀၀ နီးပါး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိ | ၆ |
| ၆ | တီးတိန်မြို့နယ်၊ ဆွောင်းပီးကျေးရွာနေ တပ်မတော်သား မိသားစုဝင်များအား CDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင် | ၇ |
| ၇ | PDF အမည်ခံ အကြမ်းဖက်သူများက လုပ်ကြံသတ်ဖြတ်မီးရှို့ဖျက်ဆီးခဲ့၍ နေအိမ်၌ ကျန်ရှိခဲ့သည့် ငွေကြေးနှင့် လက်ဝတ်ရတနာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေပေးခဲ့ပြီး မိသားစုဝင်များထံ ပြန်လည်အပ်နှံ | ၇ |

# Information Sheet

## ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်တစ်ဝိုက် ထိတွေ့တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်ဝင်ရောက်



**နေရပ်သို့ ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများအား တာဝန်ရှိသူများက စနစ်တကျလက်ခံဆောင်ရွက်ပေးနေမှု**

ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ KNU/ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ပါဝင်သောအဖွဲ့၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း-မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ဒီဇင်ဘာလ ၂၉ ရက်တွင် အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာလင်းမြိုင် ကျေးရွာတို့တွင်နေထိုင်သူ အမျိုးသား ၈၀၇ ဦး၊ အမျိုးသမီး ၉၀၁ ဦး၊ စုစုပေါင်း ၁,၇၀၈ ဦးတို့သည် ၎င်းတို့နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြောင်း သိရှိရသည်။

ငြိမ်းချမ်းရေးရလဒ်၏ ပြယုဂ်တစ်ခုဖြစ်သော လေးကေ့ကော်မြို့သစ်တွင် KNU အဖွဲ့မှ ကိုယ်ကျိုးစီးပွားရှာလိုသော ခေါင်းဆောင်အချို့သည် နိုင်ငံတကာအထောက်အပံ့ရရှိရန် လှုပ်ရှားခြင်းစာနာမှုအကြောင်းပြ၍ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များကို လက်ခံထားသည့်အတွက် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လေးကေ့ကော်မြို့သစ်၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ပါသည်။ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် NUG နှင့် PDF အကြမ်းဖက်အဖွဲ့များကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့် NUG၊ PDF အကြမ်းဖက်အဖွဲ့တို့နှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်နေရာမှ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပါသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၂-၂၀၂၁)**

- တိုက်ပွဲများဖြစ်ပွားနေသည့် ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်အား တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် အဆိုပါဒေသမှ ထွက်ပြေးတိမ်းရှောင်နေသော အပြစ်မဲ့ပြည်သူများသည် ၎င်းတို့နေရပ်သို့ ပြန်လည်ဝင်ရောက်လာခဲ့။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း




**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai က ထောက်ပံ့ငွေများပေးအပ်လှူဒါန်းနေမှု**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Chen Hai နှင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC–U) ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC–U)မှ ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သံအမတ်ကြီး Mr.Chen Hai က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဆင့်ဆင့်သို့ အမေရိကန်ဒေါ်လာ ၃ သိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)သို့ အမေရိကန်ဒေါ်လာ ၂ သိန်း ပေးအပ်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များကို သံအမတ်ကြီး Mr.Chen Hai ထံ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် သံအမတ်ကြီး Mr.Chen Hai တို့တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀–၁၂–၂၀၂၁)**

- **မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဆင့်ဆင့်သို့ အမေရိကန် ဒေါ်လာ ၃ သိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)သို့ အမေရိကန်ဒေါ်လာ ၂ သိန်း ပေးအပ် လှူဒါန်းခဲ့။**

# အိန္ဒိယနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး (၆ ဒသမ ၇ သန်း) ဒုတိယအသုတ်ရောက်ရှိ




မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး စုစုပေါင်း ၁၃ ဒသမ ၄ သန်းဝယ်ယူထားရာ ဒီဇင်ဘာလ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပထမအသုတ်အဖြစ် ၆ ဒသမ ၇ သန်း ရောက်ရှိခဲ့ပြီး ဒီဇင်ဘာလ ၂၉ ရက်တွင် ဒုတိယသုတ်အဖြစ် ၆ ဒသမ ၇ သန်း ထပ်မံရောက်ရှိလာခဲ့ပါသည်။

- ဒုတိယအသုတ်အဖြစ်ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး COVISHIELD ၆ ဒသမ ၇ သန်း Doses ကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဦးဆောင်သည့်အဖွဲ့က လက်ခံရယူခဲ့။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူ စုစုပေါင်း ၁၉ ဒသမ ၁၅ သန်းရှိပြီဖြစ်သောကြောင့် ရည်မှန်းလူဦးရေအားလုံး၏ ၅၁ ရာခိုင်နှုန်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- လာမည့် ၂၀၂၂ ခုနှစ်တွင်လည်း ကာကွယ်ဆေးလွှမ်းခြုံမှုပိုမိုကောင်းမွန်ရေးအတွက် သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်းဖြင့် စုစုပေါင်း ၄၅ ဒသမ ၁ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၅ သန်း၊ Sinopharm ၃ ဒသမ ၆ သန်း၊ Sinovac ၆ သန်း၊ Covaxin ၀ ဒသမ ၇ သန်း၊ Sputnik-V ၁,၇၀၀ ဖြင့် စုစုပေါင်း ၁၂ ဒသမ ၈ သန်း ရရှိခဲ့ရာ စုစုပေါင်း ၅၇ ဒသမ ၉ သန်းခန့်ရရှိခဲ့ပြီးဖြစ်ပါသည်။ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံနိုင်ရေးအတွက် သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၂-၂၀၂၁)**

- အိန္ဒိယနိုင်ငံမှ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးစုစုပေါင်း ၁၃ ဒသမ ၄ သန်း ဝယ်ယူထားရာ ဒုတိယအသုတ်အဖြစ် ၆ ဒသမ ၇ သန်းထပ်မံရောက်ရှိခဲ့။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူ စုစုပေါင်း ၁၉ ဒသမ ၁၅ သန်းရှိပြီဖြစ်သောကြောင့် ရည်မှန်းလူဦးရေအားလုံး၏ ၅၁ ရာခိုင်နှုန်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၂၉-၁၂-၂၀၂၁ ရက်အထိ ပြည်ပနိုင်ငံများမှဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးစုစုပေါင်း ၄၅ ဒသမ ၁ သန်းနှင့် လှူဒါန်းမှုမှ ၁၂ ဒသမ ၈ သန်းရရှိခဲ့ရာ စုစုပေါင်း ၅၇ ဒသမ ၉ သန်းလက်ခံရရှိခဲ့ပြီးဖြစ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ




**မြေပုံမြို့၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များက အောက်ဆီဂျင်စက်ရုံဖွင့်လှစ်ပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၁,၉၉၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၇၆,၀၇၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၂၉ ရက် တွင် ဒုတိယအကြိမ်အဖြစ် ၄,၅၁၅ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၆,၃၀၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၂၉ ရက် အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၈၆,၄၉၀ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ၁ ရက်လျှင် အောက်ဆီဂျင် ၄၀ လီတာဝင် ၆၀ မှ ၈၀ လုံး ထွက်ရှိသည့် အောက်ဆီဂျင်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ်က ဒီဇင်ဘာလ ၂၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့။

- ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၌ ၁ ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၇၆ လုံးထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များအား ဒီဇင်ဘာလ ၂၉ ရက်တွင် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၂၉ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းရာ၌ ကုမ္ပဏီ ၂ ခုမှ ယာဉ် ၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် ၁ စီးဖြင့် ၂၀ တန်နှင့် နှာခေါင်းစည်း (Mask) ၉ တန် တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၉ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃,၀၅၁ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၆ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၂.၁၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၉-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၁၈,၄၇၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၀,၂၇၆ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၆၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၂-၂၀၂၁)**



ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



တာချီလိတ်မြို့နယ်ရှိ ကျောင်းသား/ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ဝေါမြို့ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



နယ်စပ်ဂိတ်များမှ မော်တော်ယာဉ်များဖြင့် ကိုဗစ်ရောဂါကာကွယ်ရေးပစ္စည်းများ တင်သွင်းနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၈၁,၉၉၃ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ပြည်သူစုစုပေါင်း ၇၆,၀၇၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၂၉-၁၂-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၈၆,၄၉၀ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၂၉-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၀၁၈,၄၇၅ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၀,၂၇၆ ဦး နှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၆၂ ဦးဖြစ်ပြီး ၂၉-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၂.၁၁ ရာခိုင်နှုန်းရှိ။

## တစ်နှစ်လျှင် ပိုးအိမ်တန်ချိန် ၃၀၀ နီးပါး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိ



မန္တလေးတိုင်းဒေသကြီးအတွင်း ပိုးမွေးတောင်သူများ၏ ဝင်ငွေမြင့်တက်လာစေရေးနှင့် နိုင်ငံခြားဝင်ငွေရရှိလာစေရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများမှ ပိုးအိမ်များကို တစ်နှစ်လျှင် တန်ချိန် ၃၀၀ နီးပါးတရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ပိုးအိမ်များကို ပိုးချည်စက်ရုံများတွင် ချည်ဆွဲပြီး ထွက်လာသော ပိုးချည်များကို အထည်ရက်လုပ်ရန်အတွက် ပိုးထည်ထုတ်လုပ်သည့် ဒေသများက တင်ဒါစနစ်ဖြင့် ဝယ်ယူကြကြောင်း၊ ကုမ္ပဏီများမှ တရုတ်နိုင်ငံသို့ နှစ်စဉ်ပိုးအိမ်အခြောက်ကို တန်ချိန်နှင့် ပို့ဆောင်လျက်ရှိပြီး ယခင်က တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ပို့သော်လည်း ယခုနှစ်တွင် ရောဂါအခြေအနေကြောင့် ပို့ဆောင်နိုင်ခြင်းမရှိသေးကြောင်း၊ ပိုးချည်ရရန်အတွက် ပိုးစာပင်ကို စိုက်ပျိုးခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် ပိုးစာပင်ကို ပိုးမွေးရန် တစ်ခုတည်းမဟုတ်ဘဲ လူများ၏ကျန်းမာရေးအတွက် အထောက်အကူပြုခြင်းကြောင့် ပိုးစာရွက်လက်ဖက်ခြောက်လုပ်ရန်လည်း စိုက်ပျိုးလျက်ရှိကြောင်းနှင့် ပိုးစာသီးအမှည့်ကို ပိုးစာသီးဝိုင်၊ ပိုးစာသီးယို စသဖြင့် ကျန်းမာရေးအစာအာဟာရအတွက်လည်း စားသုံးကြကြောင်း သိရှိရပါသည်။

(ကြေးမုံသတင်းစာ ၃၀-၁၂-၂၀၂၁)

- **ပုဂ္ဂလိကကုမ္ပဏီများမှ ပိုးအိမ်များကို တစ်နှစ်လျှင် တန်ချိန် ၃၀၀ နီးပါး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိ။**
- **ပြည်တွင်းဈေးကွက်အနေဖြင့် ပိုးအိမ်များကို ပိုးချည်စက်ရုံများတွင် ချည်ဆွဲပြီး ထွက်လာသော ပိုးချည်များကို အထည် ရက်လုပ်ရန်အတွက် ပိုးထည်ထုတ်လုပ်သည့်ဒေသများက တင်ဒါစနစ်ဖြင့် ဝယ်ယူကြကြောင်း။**
- **ပိုးစာပင်ကို ပိုးမွေးရန် တစ်ခုတည်းမဟုတ်ဘဲ ပိုးစာရွက်လက်ဖက်ခြောက်လုပ်ရန်လည်း စိုက်ပျိုးလျက်ရှိပြီး ပိုးစားသီး အမှည့်ကို ပိုးစာသီးဝိုင်၊ ပိုးစာသီးယို စသဖြင့် ကျန်းမာရေးအစာအာဟာရအတွက်လည်း စားသုံးကြကြောင်း။**

## တီးတိန်မြို့နယ်၊ ဆွောင်းပီးကျေးရွာနေ တပ်မတော်သား မိသားစုဝင်များအား CDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်

ဒီဇင်ဘာလ ၂၈ ရက်တွင် CDF အမည်ခံ အကြမ်းဖက်သမားများက ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆွောင်းပီးကျေးရွာသို့ မော်တော်ဆိုင်ကယ် ၅ စီးဖြင့် ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ တပ်မတော်သားမိသားစုဝင်များဖြစ်သည့် ၂ နှစ်နှင့် ၁ လသား အရွယ်ကလေးငယ် ၁ ဦးအပါအဝင် မိသားစုဝင် ၄ ဦးအား အကြောင်းမဲ့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

NUG အဖွဲ့၏ စေခိုင်းချက်အရ PDF/CDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ငါနှင့်မတူ ငါ့ရန်သူ အယူအဆဖြင့် ၎င်းတို့ကိုမထောက်ခံသည့် အေးချမ်းစွာနေထိုင်သော ဒေသခံပြည်သူများကို ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခြင်း အကြမ်းဖက်မှုလုပ်ရပ်များအား ဥပဒေမဲ့လုပ်ဆောင်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် မိသားစုဝင်များအား အမြန်ဆုံးပြန်လည်လွတ်မြောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်စစ်ဆေးမှုများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၂-၂၀၂၁)**

- **CDF အမည်ခံအကြမ်းဖက်သမားများက တီးတိန်မြို့နယ်၊ ဆွောင်းပီးကျေးရွာနေ တပ်မတော်သားမိသားစုဝင်များ ဖြစ်သည့် ၂ နှစ်နှင့် ၁ လသားအရွယ်ကလေးငယ် ၁ ဦးအပါအဝင် မိသားစုဝင် ၄ ဦးအား အကြောင်းမဲ့အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် မိသားစုဝင်များအား အမြန်ဆုံးပြန်လည်လွတ်မြောက် နိုင်ရေးအတွက် ရှာဖွေဖော်ထုတ် စစ်ဆေးမှုများနှင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။**

## PDF အမည်ခံ အကြမ်းဖက်သူများက လုပ်ကြံသတ်ဖြတ်မီးရှို့ဖျက်ဆီးခဲ့၍ နေအိမ်၌ ကျန်ရှိခဲ့သည့် ငွေကြေးနှင့် လက်ဝတ်ရတနာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေပေးခဲ့ပြီး မိသားစုဝင်များထံ ပြန်လည်အပ်နှံ

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သူများက နေအိမ်မီးရှို့ဖျက်ဆီးခဲ့ပြီး ရက်ရက်စက်စက် လူမဆန်စွာသတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့သူ ဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့်တို့၏ ငွေကြေးနှင့်လက်ဝတ်ရတနာများအား ပြန်လည်ရှာဖွေပေးရန် နေပြည်တော်သို့ရောက်ရှိနေသည့် ကျန်ရှိမိသားစုဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် အကူအညီတောင်းခံခဲ့မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေပေးခဲ့ရာ ပြန်လည်တွေ့ရှိသည့် လက်





**တာဝန်ရှိသူများက သေဆုံးသူများ၏ မိသားစုဝင်များထံ ငွေကြေးနှင့် လက်ဝတ်ရတနာများအား ပြန်လည်အပ်နှံနေမှု**

ဝတ်ရတနာများအား မိသားစုဝင်များထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် သေဆုံးသူများ၏ ငွေကြေးနှင့်လက်ဝတ်ရတနာရွှေထည် ပစ္စည်းအမျိုးအစား ၂၀ မျိုး၊ ငွေသား ၂,၁၁၃,၈၀၀ ကျပ်၊ အငြိမ်းစားလစာစာအုပ်(မူရင်း) ၁ အုပ်၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ၁ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း) ၁ ရွက်တို့အား သေဆုံးသူများ၏ မိသားစုဝင်များထံ တာဝန်ရှိသူများက ပြန်လည်ပေးအပ်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း အကြမ်းဖက်သမားများ၊ လက်နက်/ခဲယမ်း၊ ဖောက်ခွဲရေးပစ္စည်းများနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နေအိမ်များအတွင်း ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ရလေ့ရှိသော်လည်း အကြမ်းဖက်အုပ်စုနှင့် ဆက်စပ်လက်နက်/ ခဲယမ်း၊ မိုင်းများကို ရှာဖွေရှင်းလင်းဆောင်ရွက်ခြင်းဖြစ်ပြီး မသက်ဆိုင်သည့် ပြည်သူလူထု၏ပိုင်ဆိုင်မှုများအား လုံးဝထိပါးပျက်စီးစေခြင်းမပြုရန်နှင့် လိုအပ်သည့်အကူအညီများအား စိတ်ရင်းစေတနာဖြင့် ကူညီစောင့်ရှောက်ရန်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် အယောင်ဆောင်လုံခြုံရေးတပ်ဖွဲ့အချို့၏ မသမာမှုများလည်း ဖြစ်ပေါ်လေ့ရှိသဖြင့် ရှာဖွေစစ်ဆေးစဉ် ထိခိုက်နစ်နာမှုများရှိပါက ကာယကံရှင်များက သက်ဆိုင်ရာဌာနများသို့ သတင်းပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၂-၂၀၂၁)**

- **စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ PDF အကြမ်းဖက်သူများ၏ လူမဆန်စွာသတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးသူဒေါ်ဂျမ်းတောနှင့် ဒေါ်ခင်ဆွေမြင့်တို့၏ ငွေကြေးနှင့် လက်ဝတ်ရတနာရွှေထည်ပစ္စည်းအမျိုးအစား ၂၀ မျိုး၊ ငွေသား ၂,၁၁၃,၈၀၀ ကျပ်၊ အငြိမ်းစားလစာစာအုပ်(မူရင်း) ၁ အုပ်၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ၁ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း) ၁ ရွက်တို့အား သေဆုံးသူများ၏ မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခဲ့။**

- **လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်အုပ်စုနှင့်ဆက်စပ် လက်နက်/ ခဲယမ်း၊ မိုင်းများကို ရှာဖွေရှင်းလင်းဆောင်ရွက်ခြင်းဖြစ်ပြီး မသက်ဆိုင်သည့် ပြည်သူလူထု၏ပိုင်ဆိုင်မှုများအား လုံးဝထိပါးပျက်စီးစေခြင်းမပြုရန်နှင့် လိုအပ်သည့်အကူအညီများအား စိတ်ရင်းစေတနာဖြင့် ကူညီစောင့်ရှောက်ရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိ။**

- **အယောင်ဆောင်လုံခြုံရေးတပ်ဖွဲ့အချို့၏ မသမာမှုများလည်း ဖြစ်ပေါ်လေ့ရှိသဖြင့် ရှာဖွေစစ်ဆေးစဉ် ထိခိုက်နစ်နာမှုများရှိပါက ကာယကံရှင်များက သက်ဆိုင်ရာဌာနများသို့ သတင်းပို့တိုင်ကြားနိုင်ကြောင်း။**